# အမြဲနေထိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

## အမြဲနေထိုင်ခွင့်ရရှိသူ၏ တာဝန်များ

အမြဲနေထိုင်ခွင့်လက်မှတ် ရရှိသူသည် -

၁။ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ နှင့် တည်ဆဲဥပဒေများကို လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ဥပဒေများကိုလည်းကောင်း လေးစားလိုက်နာ၍ ကောင်းမွန်စွာ နေထိုင်ရမည်။

၂။ မြန်မာနိုင်ငံအတွင်းရရှိသည့်ဝင်ငွေအပေါ် တည်ဆဲအခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ပေးဆောင်ရမည်။

၃။ အမြဲနေထိုင်ခွင့်သက်တမ်းငါးနှစ်အတွင်း မြန်မာနိုင်ငံပြင်ပတွင် တစ်နှစ်နှင့်အထက် တစ်ဆက်တည်းနေထိုင်လိုပါက ခိုင်လုံသောအကြောင်းပြချက် တင်ပြ၍ခွင့်ပြုချက်ရယူရမည်။

၄။ အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စု လူဦးရေစာရင်း ရရှိရေးအတွက် အခြေချနေထိုင်မည့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူးရုံး**တွင် နည်းဥပဒေ ၁၈ နှင့်အညီလျှောက်ထားနေထိုင်ရမည်။

၅။ အမြဲနေထိုင်ခွင့်လက်မှတ်ကို ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းမရှိစေရန် စနစ်တကျ ကိုင်ဆောင် ထိန်းသိမ်းရမည်။

## အမြဲနေထိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများ

အမြဲနေထိုင်ခွင့်လက်မှတ် ရရှိသူသည် -

၁။ မိမိအမည်ဖြင့်ဝယ်ယူထားသော စုပေါင်းပိုင်အဆောက်အအုံရှိ တိုက်ခန်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၂။ မိမိအမည်ဖြင့် ဝယ်ယူထားသည့် စုပေါင်းပိုင်အဆောက်အအုံရှိ တိုက်ခန်း တွင် သတ်မှတ်ချက်နှင့်အညီအမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေ စာရင်းပြုလုပ်နိုင်ရေးအတွက် **မြို့နယ်ဦးစီးမှူးရုံး**သို့ သတ်မှတ်ချက် နှင့်အညီ လျှောက်ထားနိုင်သည်။

၃။ မိမိနှင့် အောက်ပါအတိုင်း တော်စပ်သူများကို အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်းတွင်ထည့်သွင်းနိုင်ခွင့်နှင့် ၎င်းတို့သည် အမြဲ နေထိုင်ခွင့်ရရှိသူမဟုတ်ပါက အခြေချနေထိုင်ခွင့်မရှိသောဗီဇာဖြင့် နေထိုင်နိုင်ပြီး ဗီဇာသက်တမ်းတိုးမြှင့်လျှောက်ထား၍ နေထိုင်ခွင့်ရှိသည် -

(က) တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်း၊

(ခ) တရားဝင် မိဘများ၊

(ဂ) တရားဝင် သားသမီးများ၊

၄။ အမြဲနေထိုင်ခွင့်လက်မှတ်သက်တမ်းမကုန်ဆုံးမီအချိန်ထိ အမြဲနေထိုင်ခွင့် လက်မှတ်နှင့် သက်ဆိုင်ရာနိုင်ငံ၏ သက်တမ်းရှိသော တရားဝင် နိုင်ငံကူး လက်မှတ်တို့ကို ပူးတွဲကိုင်ဆောင်၍ မြန်မာနိုင်ငံအတွင်းသို့ အကြိမ်ကြိမ် ဝင်ထွက်ခွင့်ရှိသည်။

၅။ မြန်မာနိုင်ငံသားဟောင်းဖြစ်ပါက အမြဲနေထိုင်ခွင့်လက်မှတ်ဖြင့် မြန်မာနိုင်ငံတွင် ငါးနှစ်နေထိုင်ပြီးချိန်တွင် နိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုလျှင် အခြားနိုင်ငံ၏ နိုင်ငံသားဖြစ်မှုကို စွန့်လွှတ်မည်ဖြစ်ကြောင်း ဝန်ခံ ချက်နှင့်အတူ မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်ပေးရန်လျှောက်ထားခွင့်ရှိသည်။ မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်ခြင်းမခံရပါက အမြဲနေထိုင်ခွင့် လက်မှတ်အကျိုးခံစားခွင့်ကိုဆက်လက်ခံစားခွင့်ပြုရန် လျှောက်ထားနိုင်သည်။

၆။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိပြီး ရက်ပေါင်း ၉၀ အတွင်း မိမိ၏ ကိုယ်ပိုင်သုံးပစ္စည်းများကို ပြည်ပမှ တင်သွင်းပါက အကောက်ခွန်ဦးစီးဌာန ၏ တည်ဆဲအမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ အကောက်ခွန် ကင်းလွတ်ခွင့်ကို ခံစားခွင့်ရှိသည်။

၇။ နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ထားသော ကန့်သတ်နယ်မြေ သို့မဟုတ် တားမြစ်နယ်မြေများမှတစ်ပါး အခြားနယ်မြေများသို့ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီ သွားရောက်နေထိုင် အလုပ်လုပ်ကိုင်ခွင့် ရှိသည်။

၈။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ မိမိအားခွင့်ပြုထားသည့် လုပ်ငန်းများ၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ခွင့်ရှိသည်။

၉။ မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံသားများနည်းတူ ကျန်းမာရေးဆိုင်ရာ ဆေးဝါး ကုသခံပိုင်ခွင့်ရှိသည်။

၁၀။ ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ပညာသင်ယူခွင့်ရှိသည်။

## တားမြစ်ချက်များနှင့် ကန့်သတ်ချက်များ

### တားမြစ်ချက်များ

အမြဲနေထိုင်ခွင့်လက်မှတ် ရရှိသူသည် -

၁။ အမြဲနေထိုင်ခွင့်လက်မှတ်ကို မည်သူ့ကိုမျှလွှဲပြောင်းခြင်း၊ အပ်နှံခြင်း၊ ကိုင်ဆောင်အသုံးပြုရန် ခွင့်ပြုခြင်း မပြုရ။

၂။ အမြဲနေထိုင်ခွင့်လက်မှတ်ပေါ်တွင် ဖော်ပြထားသောအချက်များကို နည်း ဥပဒေ ၂၂ အရ မှတစ်ပါး ပြုပြင်ပြောင်းလဲခြင်း၊ တစ်စုံတစ်ရာ ပြင်ဆင် ရေးသားခြင်းနှင့် ဖြည့်စွက်ခြင်းမပြုရ။

၃။ စစ်ဆေးရေးအရာရှိက ယင်း၏ တာဝန်ဝတ္တရားအရ အမြဲနေထိုင်ခွင့် လက်မှတ်နှင့် အခြား လိုအပ်ချက်များ၊ စာရွက်စာတမ်း အထောက်အထား များကို စစ်ဆေးရန်တောင်းဆိုသည့် အခါတွင် ငြင်းဆိုခြင်းမပြုရ။

### ကန့်သတ်ချက်များ

အမြဲနေထိုင်ခွင့် လက်မှတ်ရရှိသူသည် -

၁။ လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ ပြည်သူ မှ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်အဖြစ် သော်လည်းကောင်း ရွေးချယ်ခံပိုင်ခွင့် မရှိစေရ။

၂။ မဲဆန္ဒနယ်မြေများတွင် လွှတ်တော်တစ်ရပ်ရပ်အတွက် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ။

၃။ နိုင်ငံတော်အစိုးရ၏လုပ်ငန်းများတွင် နိုင်ငံတော်ဘဏ္ဍာငွေရယူခံစားသည့် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့် မရှိစေရ။

# အမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်း

## ရုပ်သိမ်းခြင်း

အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ပါက အမြဲနေထိုင်ခွင့်ကို ရုပ်သိမ်းခြင်းခံရမည်-

၁။ အကောင်အထည်ဖော်ရေးဗဟိုကော်မတီက နိုင်ငံတော်အကျိုးငှာ အခါအားလျော်စွာထုတ်ပြန်သည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

၂။ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ လှုပ်ရှားခြင်း၊ ဆောင်ရွက်ခြင်း သို့မဟုတ် ထောက်ပံ့ကူညီခြင်း၊

၃။ လူမျိုးရေး၊ ဘာသာရေးသွေးကွဲစေရန် ဆောင်ရွက်ခြင်း၊ လှုပ်ရှားခြင်း သို့မဟုတ် ထောက်ပံ့ကူညီခြင်း၊

၄။ မူလလျှောက်ထားချက်တွင် ပါဝင်သည့်အချက်အလက်များ မမှန်ကန် ကြောင်း၊ လိမ်လည် ဖော်ပြကြောင်း၊ အတုပြုလုပ်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် တရားမဝင် ဖန်တီးကြောင်း တွေ့ရှိခြင်း၊

၅။ အမြဲနေထိုင်ခွင့်လျှောက်ထားရန် ရည်ရွယ်၍ လက်ထပ်ခြင်းဖြစ်သည်ဟု စိစစ်တွေ့ရှိခြင်း၊

၆။ မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် မြန်မာနိုင်ငံသား များ၏ လက်ထပ် ထိမ်းမြားခြင်းနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းအတွက် အမြဲနေထိုင်ခွင့်ပြုချက် ရရှိပြီးနောက် မြန်မာနိုင်ငံသား ဇနီး သို့မဟုတ် ခင်ပွန်းသည် နိုင်ငံသား အဖြစ်မှရုပ်စဲခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊ တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်းအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း၊ အမြဲနေထိုင်ခွင့် ရရှိသူသည် နောက်အိမ်ထောင်ပြုခြင်း၊

၇။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် မြန်မာနိုင်ငံသားများ၏ လက်ထပ် ထိမ်းမြားခြင်းများနှင့် သက်ဆိုင်သည့်တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသား နှင့် လက်ထပ်ထားသော နိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းတို့မှ မွေးဖွားသော သို့မဟုတ် မွေးစားသောအသက် ၁၈ နှစ်အောက် တရားဝင်သားသမီးများအတွက် အမြဲနေထိုင်ခွင့်လက်မှတ် ရရှိပြီးနောက် မြန်မာနိုင်ငံသား မိခင် သို့မဟုတ် ဖခင်သည် နိုင်ငံသားအဖြစ်မှ ရုပ်စဲခံရခြင်း သို့မဟုတ်ရုပ်သိမ်းခံရခြင်း၊ ၎င်းသားသမီးသည် တရားဝင်သားသမီးအဖြစ်မှ စွန့်လွှတ်ခံရခြင်း၊

၈။ ကျွမ်းကျင်ပညာရှင် သို့မဟုတ် ရင်းနှီးမြှုပ်နှံသူဖြစ်ပါက အမြဲနေထိုင်ခွင့်ပြုပြီး သုံးနှစ်အတွင်း မူလလုပ်ကိုင်ခဲ့သော လုပ်ငန်းအား အကောင်အထည် ဖော်ရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်မရဘဲ ပြောင်းလဲလုပ်ကိုင်ခြင်း၊

၉။ နည်းဥပဒေ ၃၀ အရ အမြဲနေထိုင်ခွင့်လက်မှတ် တစ်နှစ်သက်တမ်း ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၁၈၀ ပြည့်သည့်နေ့အထိ သက်တမ်း အတည်ပြုမှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊

၁၀။ အမြဲနေထိုင်ခွင့်ဆိုင်ရာ တားမြစ်ချက်များ၊ ကန့်သတ်ချက်များကို ချိုးဖောက်ခြင်း။

**ပယ်ဖျက်ခြင်း**

၁။ အမြဲနေထိုင်ခွင့်လက်မှတ် ရရှိသူသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက ခွင့်ပြုထားသော အမြဲနေထိုင်ခွင့်ကိုပယ်ဖျက်ခြင်း ခံရမည် -

(က) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ သေဆုံးခြင်း၊

(ခ) ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်သဖြင့် တည်ဆဲဥပဒေအရ ပြစ်ဒဏ်စီရင်ခြင်း ခံရပြီးနောက် ပြည်နှင်ဒဏ်ပေးခံရခြင်း၊

၂။ အမြဲနေထိုင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ခွင့်မပြုခြင်း၊ အမြဲနေထိုင်ခွင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။